မိုးကောင်းကုန်းကျေးရွာ

ကိုင်းအုပ်စု

ဝမ်းတွင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၉- ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မိုးကောင်းကုန်းကျေးရွာ၊ ဝမ်းတွင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ ဇွန် လ

မာတိကာ

ခေါင်းစဉ်

စာမျက်နှာ မာတိကာ

စကားချီး ၁-၂

မိုးကောင်းကုန်းကျေးရွာ၊ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဝမ်းတွင်းမြို့နယ် ၃

မိုးကောင်းကုန်းကျေးရွာ၊ကျေးရွာရာသီခွင်ပြက္ခဒိန်၊ ဝမ်းတွင်းမြို့နယ် ၄

မိုးကောင်းကုန်းကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ၊ ဝမ်းတွင်းမြို့နယ် ၅

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၆

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၆

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက် ၆-၇

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၈-၉

(၂) ကျေးရွာ၏တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား ၉

(ခ) သဘာဝအရင်းအမြစ်များ ၉

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

၉

(က) လူဦးရေဆိုင်ရာအချက်လက်များ ၉-၁၀

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၀

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၀

(ဃ) ကျန်းမာရေး နှင့် အာဟာရ ၁၀-၁၁

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၁

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၁

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၁
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၁-၁၂
(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၃
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု ၁၃-၁၄
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၁၄
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၄-၁၅
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု ၁၅
(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမှီမှု- လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး ၁၅-၁၆
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၆
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၆
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇
(က) ရည်ရွယ်ချက်ပန်းတိုင် ၁၇
(ခ) ဖွံ့ဖြိုးရေးဗျူဟာ ၁၈-၁၉

ကိုးကားစာရင်း

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်ဆိုင်ရာအချက်အလက်ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ် ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


မိုးကောင်းကုန်းကျေးရွာ၊ ဝမ်းတွင်းမြို့နယ်။

၂၀၁၉ ခုနှစ် ၊ ဇွန်လ


မိုးကောင်းကုန်း ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝမ်းတွင်းမြို့နယ်


ကိုဝိဒိအုပ်စု၊ မိုးကောင်းကျေးရွာ သဘာဝတာဝန်ခံမြေပုံ
မြောက်
အနောက်
အရှေ့
တောင်
ရေတွင်း
ရေကြီး
နယ်နိမိတ်

မိုးကောင်းကုန်း ကျေးရွာ ရာသီခွင်ပြပြကွဒိန်



မိုးကောင်းကုန်းကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ



အပိုင်း (က)

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။ ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်များရေးဆွဲရေးခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီး နောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာ စီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို ပံ့ပိုးမှု ဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များ၊ (၅)နှစ်တာ ကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ် တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်း

များလုပ်ဆောင်ရန်လိုအပ်သော သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင် များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိ စေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူ အညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလား ချက် နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင် ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်း

ကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသန လုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာ နိုင်မည်ဖြစ်သည်။မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။သို့ဖြစ်၍လက်တွေ့အကောင်ထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) **ကျေးရွာ၏တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား။ ။ကျွန်တော်တို့ ကျေးရွာသည် ရာသီဥတု အခြေအနေအားဖြင့် သင့်တင့်မျှတသော ရာသီ ဥတုအနေ အထား ရှိပါသည်။ မြေမျက်နှာသွင်ပြင် အနေအထားသည် မြေပြန့်, ဒေသ ဖြစ် ပါသည်။ ရွာ၏ပတ်လည်တွင် လယ်ခင်းများရှိပါသည်။ လယ်ယာများသည်လည်း မြေဆီ မြေသွေး အသင့်အတင့် ကောင်းပါသည်။ ဆည်ရေသောက်ဖြစ် သော်လည်း မြေဆီလွှာမှာ စပါးတမျိုးတည်းသာ အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးမှုအပိုင်းတွင် ပုံမှန်မဟုတ်သည့် ရာသီဥတုဒဏ်ကို အမြဲခံစားကြရ ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ။ ။သဘာဝအရင်းအမြစ်အနေဖြင့် ရွာသူရွာသားများ သောက်သုံးရန်နှင့် လယ်ယာများစိုက်ပျိုးရန်အတွက် ရေချိုများရရှိပါသည်။ ကျေးရွာ နှင့်(၁) မိုင်ခန့်အကွာတွင် စိုက်ပျိုးရေပေးသည့် ဆည်ရေရရှိသောကြောင့် ကျေးရွာတွင် သစ်ပင်များဖြင့် အမြဲစိမ်းလန်းနေပါသည်။ အိမ်တိုင်းတွင် တံုကင်ရေတွင်း များရှိ၍ သောက်သုံးရေ လုံလောက်စွာ ရရှိပါသည်။ ဆောင်းရာသီနှင့် နွေရာသီကာလများတွင် နေထိုင်၍ကောင်းပြီးမိုးရာသီတွင် မြေသားလမ်းများဖြစ်၍ သွားလာမှု ခက်ခဲပါသည်။

(၃) **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

(က) လူဦးရေဆိုင်ရာအချက်အလက်များ။ ။ မိုးကောင်းကုန်းကျေးရွာတွင် အိမ်ခြေ (၁၃၈) အိမ်ရှိပါသည်။ စုစုပေါင်းလူဦးရေ (၇၁၅)ဦး ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ မိသားစုဝင်ဦးရေ အနဲဆုံး(၂)ဦးမှ အများဆုံး (၅) ဦး နှုန်း ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။ ။ကျေးရွာလူထု အဓိကမှီခိုနေ ရသည့် ဝင်ငွေရလမ်းကြောင်းမှာ စိုက်ပျိုးရေးကို အဓိကစိုက်ပျိုးပါသည်။ ဝင်ငွေ အခြေ အနေမှာ အလယ်အလတ်ရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ မွေးမြူရေး၊ လက်သမား၊ လက်လီလက်ကားရောင်းဝယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျပန်းများနှင့်

ကုမ္ပဏီများတွင် လုပ်ကိုင်သူများရှိပါသည်။ ကျေးရွာပိုင်ဆိုင်မှုမှာ စိုက်ပျိုး မြေများသာ ဖြစ်ပါသည်။

(ဂ) ဆင်းရဲမွဲတေမှုထိခိုက်လွယ်မှုအခြေအနေ။ ။ ဝမ်းစာဖူလုံမှုအိမ်ထောင်စုမှာ အများ အပြားရှိပါသည်။ ဝမ်းစာဖူလုံမှုတွေ့ရှိချက်မှာ နိမ့်ပါးပါသည်။အလွန်အရမ်းဆင်းရဲသော အိမ်များမှာ ရှိသောသူဆီက ချေးယူ စားသောက်ရသောကြောင့်ဖြစ်ပါသည်။ ကျေးရွာ လူထုရင်ဆိုင်နေရသော အဓိကထိခိုက်မှုများမှာ ဘေးအန္တရာယ်နှင့် ပတ်သက်၍ ရာသီ ဥတုမမှန်ခြင်းကြောင့် မိုးခေါင်ခြင်း နွေရာသီကာလတွင် အပူရှိန်အလွန်ပြင်းသောကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေးအတွက် အလွန်စိုးရိမ်ရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ။ ။ ကျေးရွာလူထုအတွင်း ရောဂါများနှင့်ပတ်သက်၍ ဖြစ်ပွားမှု အနည်းငယ်သာရှိကြောင်း တွေ့ရှိရပြီး ကျန်းမာရေးမကောင်း၍ ကုသရန်လို အပ်သော လူနာများကို တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းပြည်သူ့ဆေးရုံနှင့် ခရိုင်ပြည်သူ့ ဆေးရုံ၊ မိတ္ထီလာဆေးရုံ၊ မန္တလေးစသည် ပြည်သူဆေးရုံကြီးများ ပုဂ္ဂလိကဆေးရုံများသို့ သွားရောက် ကုသရပါသည်။အုပ်စုကျေးလက်ကျန်းမာရေးဌာန တိုက်နယ်ပြည်သူ့ဆေးရုံ များနှင့်ပူးပေါင်း၍ ကာကွယ်ဆေးထိုးနှံခြင်း တိုက်ကျွေးခြင်းများကို စီမံချက် အလိုက်နှစ် စဉ်လာရောက် ကုသကြပါသည်။ ကျန်းမာရေးနှင့်ပတ်သက်သော ပညာပေး ဆွေးနွေးပွဲ များ လူထုနှင့်တွေ့ဆုံ၍ ဟောပြောပေးရန် လိုအပ်နေသည်ကို တွေ့ရှိရပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှု။ ။ကျေးရွာ၏ ပညာတတ်မြောက်မှုအား မူလတန်း ပညာ ပြီးမြောက်မှုမှာ (၃၂၄)ဦး၊ အလယ်တန်း (၁၇၂) ၊ အထက်တန်း (၇၃)၊ တက္ကသိုလ်ဘွဲ့ရ (၂၉)ဦးရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား ကျွမ်းကျင်စွာ လုပ်ကိုင်ကြ ပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု။ ။ရပ်ရေးရွာရေးကိစ္စများတွင် အမျိုးသမီးပါဝင်နိုင်မှု အခွင့်အရေးမှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သာရေး၊ နာရေး၊ လူမှုရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး အဖွဲ့များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု

နည်းပါသည်။ ကျေးရွာတွင်အမျိုးသားနှင့် အမျိုးသမီးကြားပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း လုံးဝမရှိပါ။

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်။ ။ ကျေးရွာတွင် ဓမ္မစကြံာအဖွဲ့၊ မီးကော်မတီ၊ လမ်းကော်မတီနှင့် ကျောင်းအကျိုးတော်ဆောင် ကော်မတီ၊ ကျေးလက်ဖွံ့ဖြိုးရေး ကော်မတီအဖွဲ့များရှိပါသည်။ ၎င်းအဖွဲ့များသည် ကျန်းမာရေး၊ ပညာရေး၊ သာရေး နာရေး ဘာသာရေး လူမှုရေးနှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ဆောင်နေကြပါသည်။ စွမ်းဆောင်နိုင်မှုများ ကောင်းမွန်ကြပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ။ ။သီးနှံထုတ်လုပ်ရေးကဏ္ဍအနေအထားမှာ စိုက်ပျိုးသည့်လယ်မြေ၊ ယာမြေများသာရှိပါသည်။ လယ်မြေဧက(၁၆၈)ကျော်ရှိပါသည်။ မြေဆီ မြေဩဇာ အသင့်အတင့် ကောင်းမွန်ကြပါသည်။ ရာသီအလိုက် ရေရရှိပြီး၊ လုံလောက်မှုရှိပါသည်။ စပါး စိုက်ပျိုးကြပါသည်။ မိုးစပါး စိုက်ပျိုးရိတ်သိမ်းပြီးချိန်တွင် နှမ်း၊ ငရုတ်၊ စသည်တို့ကို စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ထွန်စက်ကြီး(၂)စီး၊ လက်တွန်းထွန်စက်(၁၂)စီးနှင့် ခြွေလှေ့စက်(၂)လုံး ရေစုပ်စက်(၁၃)လုံးသာရှိပါသည်။ အချို့သော အိမ်ထောင်စုများသည် ခိုင်းနွားကို အသုံးပြုကြပါသည်။ ထွန်စက်ကြီးများကိုလည်း ငှားရမ်းအသုံးပြုကြပါသည်။ လယ်ယာသုံးစက်ကိရိယာ လုံလောက်မှု အသင့်အတင့်ရှိပါသည်။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ် ချေးငွေရရှိပါသည်။ သီးနှံမျိုးစေ့များ၊ မြေဩဇာ၊ ပိုးသတ်ဆေးများကို ဝမ်းတွင်းမြို့နယ်ဆိုင်များမှ ဝယ်ယူရန် လက်လှမ်းမီပါသည်။ လယ်ယာလုပ်သား အသင့်အတင့်ရှိပါသည်။ လယ်ယာထုတ်ကုန်များကို ကျေးရွာတွင်းမှာပင် ရောင်းချနိုင်ပါသည်။သို့သော် စိုက်ပျိုးရေးကို အလုံအလောက်ရရှိသော်လည်း စိုက်ပျိုးရေးကဏ္ဍ၏ အဟန့်အတားတစ်ခုမှာ ရေမြေသဘာဝနှင့် မြေဆီလွှာညံ့ခြင်း၊ စိုက်ပျိုးသီးနှံထုတ်လုပ်ရာတွင် လင်းရိပ်များပေါများခြင်းများ ဖြစ်ပါသည်။ စိုက်ပျိုးရေး ချေးငွေသည် လုံလောက်မှု နည်းပါးပြီး၊ ပိုးမွှားရောဂါ ကာကွယ်ရေးအတွက် စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမီမှုမရှိပါ။ ပွဲစားများ၏ ဈေးနှုန်းကိုသာ မှီခိုရ၍ မှန်ကန်

သော သီးနှံစျေးကွက် လိုအပ်ပါသည်။

ကျေးရွာတွင် ခိုင်းနွားနှင့်နို့စားနွား ကြက်၊ဝက်၊ဆိတ် ကိုသာမွေးမြူကြောင်း တွေ့ရပါသည်။ နွားကို လယ်ယာလုပ်ငန်းခွင်အတွက် မွေးမြူကြပါသည်။ ခွာနာလျှာနာ၊ ဒေါင့်သန်း၊ ခြေပုပ်လက်ပုပ် စသောကူးစက်ရောဂါများဖြစ်ပွားကြပါသည်။ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်မှုအသင့်အတင့်ရှိကြောင်း တွေ့ရပါသည်။ မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခွင့်အလမ်းနည်းပါးသော်လည်း မွေးမြူရေးအစာ၊ ရေအသင့် အတင့်ရရှိနိုင်ပါသည်။ ဝမ်းတွင်းမြို့နယ်တို့နှင့်နီး၍ မွေးမြူရေး ထုတ်ကုန်များ တင်ပို့ရောင်းချနိုင်ပါသည်။မွေးမြူမွေးမြူရေးချေးငွေ သီးသန့်မရရှိသော်လည်း သမဝါယမအသင်း၏ ချေးငွေရရှိပါသည်။ မြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရှိပါသည်။ ရောဂါဖြစ်ပွားမှသာလျှင် လာရောက် ဆေးထိုးကြပါသည်။ သို့သော် နည်းပညာ ပိုင်းဆိုင်ရာ ချိတ်ဆက်မှု မလုပ်ဆောင်ဖူး သေးပါ။ မိသားစုအပိုဝင်ငွေရရှိရန် သို့မဟုတ် တစ်နိုင်တစ်ပိုင် စီးပွားရေးအဖြစ် မွေးမြူရေး လုပ်ငန်းကို တိုးချဲ့မွေးမြူသင့်ပါသည်။ တစ်နိုင်တစ်ပိုင် မွေးမြူရေးအတွက် အခြေခံမွေးမြူ ရေးပညာများလိုအပ်ပြီး၊ ကျေးရွာတွင် မွေးမြူရေးလုပ်သားများရှိပါက ကျေးရွာတွင်း ကုသ ကာကွယ်ရေး လက်လှမ်းမီလာနိုင်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ။ ။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ကျပန်းများသာများပါသည်။ အရောင်းအဝယ်နှင့် အိမ်ဆိုင်လုပ်ငန်း အနည်းငယ်သာ တွေ့ရှိရပါသည်။ လုပ်သားအင်အားအသင့်အတင့်ရှိသည်ကိုတွေ့ရပါသည်။ဝမ်းတွင်းမြို့နယ်တွင်ယက်ကန်းလုပ်ငန်းသည် တွင်ကျယ်စွာ လုပ်ကိုင်နိုင်သောကြောင့် အလုပ်အကိုင် အခွင့်အလမ်းအသင့် အတင့်ရရှိနိုင်ပါသည်။လုပ်ငန်းလည်ပတ်ရန် အရင်းအနှီးငွေကြေး၊ လုပ်ငန်းနှင့်ပတ်သက်သော နည်းပညာများသည် အခက်အခဲများဖြစ်ပါသည်။ထို့ကြောင့် ကျေးရွာအခြေပြု အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာ စေရန် ချေးငွေအစီအစဉ်များ၊ စျေးကွက်၊ နည်းပညာ ချိတ်ဆက်မှုများနှင့်အတူ အခြေခံ အဆောက်အဦကဏ္ဍများပါ ဖွံ့ဖြိုးရန် လိုအပ် ပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု။ ။ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များမှာ မြေဆီလွှာအခြေအနေအခက်အခဲနှင့် အပင်မျိုးစိတ်များ မရှိပါ။ ဖျက်ပိုးရောဂါ ကာကွယ်ထိန်းချုပ်ရာမှာတော့ ရာသီအလိုက်ခက်ခဲမှုရှိပြီး၊ အလယ်အလတ်တွင် ရှိပါသည်။ ရေအရင်းအမြစ်ငါးမျိုးကွဲများ၊ တခြားတိရစ္ဆာန် မျိုးခွဲများ မရှိပါ။ စွန့်ပစ်ပစ္စည်းများကတော့ ကျေးရွာသူ/ကျေးရွာသားများက စနစ်တကျ စီမံခန့်ခွဲသောကြောင့် အခက်အခဲ မရှိပါ။

(c) ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။ ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုမှာ မြန်မာလယ်ယာစိုက်ပျိုးရေးဖြစ်ပြီး ပေးဆပ်ကာလမှာ ၃လမှ ၆လအတွင်း အတိုးနှုန်း(၁%)မှ (၂%)သာဖြစ်ပြီး အပေါင်ခံပစ္စည်းမလိုပါ။ ပုံစံ(၇)ရှိသူများ ထုတ်ချေးခွင့် ရရှိပါသည်။ငွေတိုးပေးသူထံမှလည်း ချေးငွေရယူ နိုင်ပါသည်။အတိုးနှုန်း မှာ (၂%)မှ (၅%) ရှိ ပါသည်။ သမဝါယမချေးငွေမှာလည်း ကာလတိုဖြစ်ပြီး အတိုး (၁%)မှ (၂%)ဖြစ်ပါသည်။ ပြင်ပချေးငွေအဖွဲ့အစည်းမှာလည်း ကာလတိုဖြစ်ပြီး အတိုး (၂%) ဖြစ်ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျေးရွာရှိ ကျောင်းအဆင့်မှာ အထက်တန်း(ခွဲ)အဆင့် ဖြစ်ပါသည်။ ရွာမှစာသင်ကျောင်း အကွာဝေးမှာ (၁) ဖာလုံ အတွင်းသာ ဝေးကွာပါသည်။ ကျောင်းသို့ရွာမှ ခြေလျင်၊ စက်ဘီးဖြင့် သွားလာနိုင်ပါသည်။စာသင်ကျောင်း၏ ကြမ်းခင်း ဧရိယာမှာ ကောင်းမွန်မှုရှိပါသည်။ အမိုး နံရံအရည်အသွေး သင့်ပါသည်။ ကျန်းမာရေးအနေဖြင့် ရာသီဥတု အကူးအပြောင်းကို လိုက်၍ ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုပ်ကွေးများ ဖြစ်လေ့ဖြစ်ထရှိပါသည်။ ကျွန်တော် တို့ကျေးရွာတွင် အဝီစိတွင်းများရှိပါသည်။ ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းမှုရှိပါသည်။

ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်လာရောက် ဆေးထိုးပေးပါသည်။ အခြေခံကျန်းမာရေးပညာပေး အစီအစဉ်များလည်းရှိပါသည်။ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းသည် ကျေးရွာနှင့်(၅)မိုင်ခန့်

အကွာတွင် ပင်းတလဲကျေးရွာ၌ တိုက်နယ်ဆေးရုံရှိပြီး၊ မွေးလူနာများရှိပါက လာရောက် မွေးဖွားပေးပါသည်။ အရေးပေါ်လူနာများအတွက် တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ဆေးရုံ၊ ပုဂ္ဂလိက ဆေးခန်းများသို့ သွားရောက်ကြပါသည်။ ဝမ်းတွင်းမြို့နှင့် ဝေး၍ ကျန်းမာရေးအတွက် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များအတွက် သွားရောက်ရန် အခက်အခဲ ရှိပါသည်။

ကျေးရွာတွင် အဝီစိတွင်းတုံကင်(၄၁)တွင်းနှင့် အဝီစိတွင်းစက်တပ်(၇၀)တွင်း နှင့် ရေကန်(၁)ကန်ရှိပါသည်။ သောက်သုံးရန် ကောင်းမွန်ပြီး၊ နွေမိုးဆောင်း လုံလောက် မှုရှိပါသည်။ သောက်သုံးရေပြဿ နာမရှိပါ။ အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာ သုံးစွဲ ကြပါသည်။ အခြေခံကျန်းမာရေး ဗဟုသုတများရှိကြပါသည်။ ကျန်းမာရေးအတွက် ဖုံးသွန်လဲစစ်များ လာရောက်စစ်ဆေးကြပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု။ ။ ကျေးရွာတွင် အပန်းဖြေရန် သီးသန့်နေရာမရှိပါ။ လူငယ်များသည် အလှူမင်္ဂလာဆောင်ပွဲများကျွေးမွေးဧည့်ခံခြင်းလုပ်ငန်းများ၊ ပဋ္ဌာန်းပွဲ၊ ဓမ္မစကြာရွတ်ခြင်းစသည့် ဘာသာရေးလုပ်ငန်းများ၊ လမ်းပြုပြင်ခြင်း၊ ဘုန်းကြီးကျောင်း သန့်ရှင်းရေးစသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သင်္ကြန်ပွဲတော်နှင့် သီတင်းကျွတ် အခါသမယတွင် လူကြီး သူမများကို ကန်တော့ခြင်း၊ သက်ကြီးပူဇော်ပွဲ များပြုလုပ် ရာတွင် ပါဝင်ခြင်း၊ ယဉ်ကျေးလိမ္မာ သင်တန်းများစသည်တို့တွင် ပါဝင်ဆောင်ရွက် ကြပါ သည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိပြီး၊ ဘာသာရေးအနေနှင့် နှစ်စဉ်(၇)ရက် တရား ခန်း ရှိသဖြင့် ယဉ်ကျေးသိမ်မွေ့ ကြပါသည်။

(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့်ဆက်သွယ်ရေး။ ။ ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်း၊ ရွာချင်းဆက်လမ်းများသည် မြေသားလမ်းများ ဖြစ်သောကြောင့် မိုးရာသီတွင်သွားလာရန် အခက်ခဲဖြစ်ပါသည်။ ဆိုင်ကယ်၊ သုံးဘီးကား၊ ကားများဖြင့် အသုံးပြုသွားလာကြပါသည်။ကျေးရွာတွင် လျှပ် စစ် ဓါတ်အား ရရှိပြီးဖြစ်သည်။ အိမ်ထောင်စုများသည် လျှပ်စစ်နှင့် ဆိုလာမီးကို အသုံး ပြုကြ ပါသည်။ ကျေးရွာအနီးတွင် တာဝါတိုင်များမရှိပါ။ သို့သော် တယ်လီ ဖုန်း

ဆက်သွယ်မှုများ ကောင်းမွန်ပါသည်။ ကျေးရွာတွင် ဖုန်းအသုံးပြုမှုလည်းများပါ သည်။

(စျ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး။ ။ကျေးရွာသည် ရဲဘက်ဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီပါသည်။ ထို့အပြင် ကျေးရွာတွင် မှုခင်းဖြစ်ပွားမှု မရှိ၍ တည်ငြိမ် အေးချမ်းပါသည်။

(၅) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေ ကောင်း များအသင့်အတင့်ရှိပါသည်။ ကျေးရွာသည် ယေဘုယျအားဖြင့် စည်းလုံးညီညွတ်မှုကောင်းပြီး၊ လူထုပူးပေါင်းမှု ကောင်းပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများ ပေါများ၍ မြေဆီဩဇာအသင့်အတင့် ကောင်းမွန်ပါသည်။ အဝိစိတွင်းများမှ စိုက်ပျိုးရေ ရရှိ၍ နွေစပါး၊ မိုးစပါး၊ ကြက်သွန်၊ နှမ်းငရုတ်စသော သီးနှံများ ဖြစ်ထွန်း အောင်မြင် ပါသည်။ မွေးမြူရေး တွင်လည်း နွား၊ ကြက်၊ ဝက်၊ ဆိတ်များ တစ်နိုင်တစ်ပိုင် မွေးမြူနိုင်ပါသည်။ စားကျက်မြေ သီးသန့် မရှိသော်လည်း မြေလွတ်မြေလပ်များတွင် လွှတ်ကျောင်းနိုင်ကြပါသည်။ မြို့နှင့်နီး၍ မွေးမြူရေး ထုတ်ကုန်များ အလွယ်တကူတင်ပို့ ရောင်းချနိုင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်တွင် အောက် ပါအဟန့်အတားများ၊ စိန်ခေါ်မှုများ ရင်ဆိုင်ရပါသည်။ ဒေသခံ တောင်သူများ သည် မိရိုးဖလာ ဓလေ့နည်းဖြင့်သာ စိုက်ပျိုးလေ့ရှိကြပြီး၊ ပြောင်းလဲမစိုက်ပျိုးလိုကြ ခြင်းသည် စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အဟန့်အတား တစ်ခုဖြစ်သည်။ မွေးမြူ ရေး လုပ်ငန်းများကို တိုးချဲ့ လုပ်ဆောင်ရန် ရင်းနှီးမတည်ငွေ မပြည့်စုံပါ။ မွေးမြူရေး သီးသန့် ချေးငွေမရှိပါ။ ကျေးရွာ အခြေပြု အသေးစားအလတ်စားစီးပွားရေး လုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ရန် ချေးငွေ၊ နည်းပညာ၊ ဈေးကွက်စသော လက်လှမ်းမီမှုနည်းပါသည်။ လျှပ်စစ်မီးမရရှိသေးခြင်းသည် လည်း အဟန့်အတား တစ်ခုဖြစ်ပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ

(က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေပြုသော ကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွား ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အောက်ပါကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက် ပန်းတိုင် ၃ ချက်ကို ရေးဆွဲထားပါသည်-

(၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်းနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေး တိရစ္ဆာန်များ တိုးတက်မွေးမြူခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာခြင်းဖြင့် မိသားစုများ ဝင်ငွေတိုး လာစေရမည်။

(၂) အခြေခံပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုများနှင့် အဆောက်အဦများ ဖွံ့ဖြိုးလာစေခြင်းဖြင့် ကျေးရွာ လူမှုဘဝ တိုးတက်လာရမည်။

(၃) ကျေးရွာ၏ အခြေခံအဆောက်အဦကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

အထက်ပါကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက် ပန်းတိုင်များ ပြည့်မှီရန်အတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါ ဖွံ့ဖြိုးရေး ဗျူဟာများ ကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုများ ပူးပေါင်း ပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါသည်။

ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန်နှင့် စိုက်ပျိုးရေတစ်နှစ်ပတ်လုံး လုံလောက်စွာရရှိနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် အကူအညီရယူချိတ်ဆက်သွားရမည်။ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်း မျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှား ရောဂါကာကွယ် ရေးနည်းလမ်းများ၊ မြေဆီလွှာနှင့် မြေဩဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေး နည်းပညာများကို ချိတ်ဆက်ရယူ သွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်း များရရှိရန် မြို့နယ် သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံ မွေးမြူရေး နည်းပညာနှင့် ကာကွယ်ဆေး ကုသဆေးများ လက်လှမ်းမီရန် လုပ်ဆောင်သွားရန် ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ချေးငွေ အစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားပါမည်။

ကျေးရွာ၏ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေး အထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းကျန်းမာရေးအတွက် ယင်လုံအိမ်သာများ ဆောက်လုပ်ခြင်းများ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေ ကျန်းမာရေး စောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ရယူသွားမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့အကျင့် ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ် စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့် ချိတ်ဆက်ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီးပေးခြင်း၊ လူငယ်စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ မိတ်ဆက်ပေးခြင်း၊ စာဖတ်ရန် အလေ့အထထွန်းကားရန် အသိပေးနှိုးဆော်ခြင်း၊ လူငယ်များအား ကစားလှုပ်ရှားမှုများ လက်လှမ်းမီရန် ဖန်တီးပေးခြင်းတို့ဖြစ် ပါသည်။

ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး သွယ်တန်းခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေ ရမည်။

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	**ဦးစားပေးအဆင့်**
ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	ဦးစားပေး-၁
လျှပ်စစ်မီးလင်းရေး	ဦးစားပေး-၂
ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း	ဦးစားပေး-၃
ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်း	ဦးစားပေး-၄
စိုက်ပျိုးရေသုံးရန်အတွက် ဆည်များပြုပြင်ခြင်း	ဦးစားပေး-၅
စိုက်ပျိုးရေးနည်းပညာသင်တန်းများဖွင့်လှစ်ပေးရန်	ဦးစားပေး-၆

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း ကော်မတီအမည်စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	ပညာအရည်အချင်း	ရာထူး	မှတ်ချက်
၁	ဦးချစ်ဆန်းကို	ဦးသန်းအောင်	၉/ဝတန(နိုင်) ၂၀၇၈၅၄	၃၄	ဘွဲ့ရ	နာယက	
၂	ဦးကျော်ငြိမ်း	ဦးဘသော်	၉/ဝတန(နိုင်) ၀၅၂၄၂၁	၅၉	၄တန်း	ဥက္ကဋ္ဌ	
၃	ဦးလွင်	ဦးတင်လှ	၉/ဝတန(နိုင်)၀၅၂၆၅၃	၅၃	၈တန်း	ဘဏ္ဍာရေးမှူး	
၄	ဦးဖိုးတုတ်	ဦးဖော့ကြီး	၉/ဝတန(နိုင်)၀၅၂၁၆၁	၃၆	၄တန်း	အဖွဲ့ဝင်	
၅	ဒေါ်သက်သက်ဝေ	ဦးတင်မြ	၉/ဝတန(နိုင်) ၁၁၈၇၅၇	၃၆	၄တန်း	စာရင်းကိုင်	
၆	ဒေါ်ရီ	ဦးထွန်းခင်	လျှောက်ထားဆဲ	၄၁	၈တန်း	အဖွဲ့ဝင်	
၇	ဒေါ်ဆန်းတင်	ဦးသန်းအောင်	လျှောက်ထားဆဲ	၃၈	၈တန်း	အဖွဲ့ဝင်	
၈	ဦးမောင်မောင်	ဦးသာပို	၉/ဝတန(နိုင်)၀၅၂၆၁၅	၅၇	၅တန်း	အတွင်းရေးမှူး	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့်ဝပ် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၃	၁၀
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃၀	၁၇	၄၇
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄၀	၃၇	၇၇
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၇	၃၂	၅၉
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၃၁	၂၄၅	၄၇၆
၆၅ နှစ် နှင့်အ အထက်	သက်ကြီးရွယ်ကြီး	၁၆	၂၀	၃၆
စုစုပေါင်း		၃၅၁	၃၅၄	၇၁၅
စုစုပေါင်း အိမ်ထောင်စု				၁၃၈

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်ဝပ်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့်ဝပ် အရွယ်မှ (၅) နှစ်မပြည့်ဝပ်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်ဝပ်သည်မှ အသက် (၁၀) နှစ်မပြည့်ဝပ်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်ဝပ်သည်မှ အသက် (၁၅) နှစ်မပြည့်ဝပ်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်ဝပ်သည်မှ အသက် (၆၅) နှစ်မပြည့်ဝပ်မီ အရွယ်၊ အသက် ၆၅နှစ်နှင့်ဝပ် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်ဝပ် အရွယ်နှင့်ဝပ် ၎င်းထက် အသက်ကြီးသည့်ဝပ် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အိမ်ထောင်စု ၁၃၈စု နေထိုင်လျက်ရှိပြီး လူဦးရေအားဖြင့် ကျား ၃၅၁ဦး၊ မ ၃၅၄ဦး စုစုပေါင်း လူဦးရေ ၇၁၅ယောက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၃၅	၄၆	၁၁	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၆၃	၇၁	၁	မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၁၄	၁၆	၃၆	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၂	၄	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေရှိ/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၁	၁	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၃	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၅	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၄	၄၉	၅	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဝပ် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၄	၅	မြင့် ☐ လတ် ☐ နိမ့် ☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့် ☐ လတ် ☐ နိမ့် ☑
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း			၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၅၈	၁၂၃	၃၉	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းနေထိုင်သော စိုက်ပျိုးရေးလုပ်ကိုင်သူ အိမ်ခြေ(၄၇)အိမ် မွေးမြူရေးလုပ်ကိုင်သူ (၅၅)အိမ်ကျပန်းလုပ်ကိုင်သူ (၈၂)အိမ်ရှိသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၃၀၀၀	၃၀၀၀	၂၅၀၀	၂၅၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၆၀၀၀	၆၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၇၀၀၀	၇၀၀၀	၅၀၀၀	၅၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း လုပ်အားခ မတူညီပါ။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၁၆၈	ကောင်း ☑ သင့်၀် ☐ ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ယာမြေ / တောင်ယာမြေ	၁၅၆	ကောင်း ☐ သင့်တင့် ☑ ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၄	ကောင်း ☐ သင့်တင့် ☑ ညံ့ ☐
ကိုင်း / ကျွန်းမြေ	၃.၀၀	ကောင်း ☐ သင့်တင့် ☑ ညံ့ ☐
ဓနိတောမြေ	၀.၀၀	ကောင်း ☐ သင့်တင့် ☐ ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့်တင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐ သင့်တင့် ☐ ညံ့ ☐
စုစုပေါင်း	၅၁၂.၆၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးမြေအရည်အသွေးမှာ ကောင်းမွန်မှုရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်ဝန် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့်ဝန် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။)	များ ☐ သင့်တင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့်တင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်တင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခ က် ☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်တင့် ☐	☒

အမျိုးအစား	ကျေးရွာနှင့်ဝဲ့ အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
	နည်း ☑ မရှိ ☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် **ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များမရှိပါ။**

(ဃ) ဥစ္စာဓနအဆင့်ဝဲ့ အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်ဝဲ့ အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဝဲ့ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၄	၃၄	၃၃	၅၇

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - အဆင်ပြေသောအိမ်ထောင်စု မှာ ၁၄စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု ၃၄စု ၊မပြေလည်သော အိမ်ထောင်စု ၃၃စု၊ အလွန်မပြေသော အိမ်ထောင်စု ၅၇စု ရှိသည်ကို တွေ့ရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့်ဝ် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့်ဝ် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက်

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀		
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ဝ်် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၁

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို နှင့် မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် များမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့်တက် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်တက် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့်တက် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့်တက် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၆	မုန်တိုင်း	မြင့်တက် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၇	ငလျင်	မြင့်တက် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့်တက် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့်တက် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့်တက် ☐ လတ် ☐ နိမ့်

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		မဲ့ဝ် ☑ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့ဝ် ☐ လတ် ☐ နိ မဲ့ဝ် ☑ မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့ဝ် ☐ လတ် ☐ နိ မဲ့ဝ် ☐ မရှိ ☑
၁၃	တီဘီရောဂါ	မြင့ဝ် ☐ လတ် ☐ နိ မဲ့ဝ် ☐ မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့ဝ် ☐ လတ် ☐ နိ မဲ့ဝ် ☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့ဝ် ☐ လတ် ☐ နိ မဲ့ဝ် ☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့ဝ် ☐ လတ် ☐ နိ မဲ့ဝ် ☐ မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့ဝ် ☐ လတ် ☐ နိ မဲ့ဝ် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့ဝ် ☐ လတ် ☐ နိ မဲ့ဝ် ☐ မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမဲ့ဝ်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့ဝ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာနှင့် ချောင်းနီးသောကြောင့် မိုးရာသီတွင် ရေကြီးခြင်း၊ ရေလွှမ်း၍ သီးနှံများ ပျက်စီးခြင်းများရှိကြောင်းလေ့လာတွေ့ရှိရသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်ဝဝ်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☑ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်ဝ် ☐ လတ် ☑ နိ မ့်ဝ် ☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☑ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့်ဝ် ☑ လတ် ☐ နိ မ့်ဝ် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☐ မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်ဝဝ်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☐ မရှိ ☑
၁၇	လှည့်ဝ်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့်ဝ် ☐ လတ် ☑ နိ မ့်ဝ် ☐ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☐ မရှိ ☑
၁၉	ရွှေပြောင်းလုပ်သားများ	မြင့်ဝ် ☐ လတ် ☐ နိ မ့်ဝ် ☐ မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့်ဝ် ☐ လတ် ☑ နိ မ့်ဝ် ☐ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။အလုပ်သမားများသည် လုပ်ငန်းရှင်နှင့်တောင်သူဦးကြီးများ၏ လုပ်ငန်းခွင်များကို မှီခို လုပ်ကိုင်သူများအနေဖြင့် ထုတ်ကုန်များတောင်သူလုပ်ငန်းခွင်များ ရပ်တန့်နေလျှင် လုပ်သားများ ဝင်ငွေထိခိုက် ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်ဝ်ဝ် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ချမ်းမြေမေတ္တာ	၁ ☐ ၂ ☑ ၃ ☐	၆	၀	၁၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐	ကောင်း ☑ သင့်ဝ် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၂	အမျိုးသမီးနှင့် လူငယ် ပရဟိတ	၁ ☐ ၂ ☑ ၃ ☐	၂၀	၄၀	၁၁	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃		၁ ☐ ၂ ☐ ၃ ☑			၁၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄		၁ ☐ ၂ ☑ ၃ ☐			၃၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၅	ဝ်း	၁ ☐ ၂ ☐ ၃ ☐			၆	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ အဖွဲ့အစည်းများတွင် လူငယ်များ တက်ကြွစွာပါဝင်လှုပ်ရှားသည်ကိုတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်ဝပ် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်ဝပ်အထက်ရွေးနိုင်သည်)
၁	မြကျွန်းသာ	၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	တူးတူးဖိုက်	၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	ပက်စ်မြန်မာ	၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ဝပ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဝပ်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့်ဝပ် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့်ဝဝ် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤယေားတွင် ထည့်ဝဝ်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း ပြင်ပအဖွဲ့အစည်းများမှ ချေးငွေဝန်ဆောင်မှုများ ဆောင်ရွက်လျက် ရှိပါသည်။

(ခ) စီးပွားရေးနှင့်ဝဝ် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၈၃	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၉	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၂	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၄	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၃၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စုများသည် လယ်ယာကိုသာ အဓိကစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ မြေယာမဲ့၈၃၊ ၂.၅ ဧကအောက် ၁၉၊ ၂.၅ဧကမှ ၅ ဧကကြား ၁၂၊ ၅ဧကမှ ၁၂.၅ ဧကကြား ၂၀၊ ၁၂.၅ဧက အထက် ၄ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၂၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑	ရှိ ☐ မရှိ ☑

စဉ်	အရင်းအမြစ်	ရေသောက်(စကာ)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ ☐	မဖြေဆိုပါ☐
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	၄၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပ☐
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၆	လက်ငင် ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက်ဆည်မြောင်းရေကို ကင်းတားဆည်မှသောက်သုံးပြီး ရေလုံလောက်မှုမရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကြ	တစ်ကြော အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၄၀၀	တင်း	၃၀	၅၀	၄၀	ဝါဆို	နတ်ကော်	မြင့် ☐ လတ် ☑ နိမ့် ☐	မြင့် ☐ လတ် ☑ နိမ့် ☐
နှမ်း	၁၀၀	တင်း	၁၀	၂၀	၁၅	ကဆုန်	ဝါဆို	မြင့် ☐ လတ် ☐ နိမ့် ☑	မြင့် ☐ လတ် ☐ နိမ့် ☑
ကြက်သွန်	၅၀	တင်း	၅၀	၂၅၀				မြင့် ☐ လတ် ☐ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☐
ငရုတ်	၁၀၀	တင်း	၆၀	၇၀	၅၀	ပြာသို	ဝါခေါင်	မြင့် ☐ လတ် ☐ နိမ့် ☑	မြင့် ☐ လတ် ☑ နိမ့် ☐
ကုလားပဲ	၁၅၀၀	ဝိသာ	၃၀	၄၀	၂၀	ဝါဆို	သီတင်းကျွတ်	မြင့် ☐ လတ် ☐ နိမ့် ☑	မြင့် ☐ လတ် ☑ နိမ့် ☐

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကေ အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								☑	
ဝါ	၁၀	ဝိသာ	၆၀	၇၀	၅၀	တော်သလင်း	တပေါင်း	မြင့် ☐ လတ် ☐ နိမ့် ☑	မြင့် ☐ လတ် ☐ နိမ့် ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရာသီဥတုမမှန်ခြင်းကြောင့်သီးနှံထွက်နှုန်းမကောင်းခြင်း၊ သီးနှံများ ရောင်းချရာတွင်လဲ ဈေးကွက်တည်ငြိမ်မှုမရှိခြင်းကြောင့် ဈေးကောင်းမရခြင်းများ၊ အရှုံးပေါ်ခြင်းများလေ့လာတွေ့ရှိရသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောဝေါင်သူ အရေအတွက်
ထွန်စက်	၂၁	၀	၀	၂၇
